BURMESE

2024-05-30

# Indian Creek Elementary မူလတန်းကျောင်းမှ ပညာရေးဝန်ထမ်းသည် Metro Atlanta ၏ ဂုဏ်ယူဖွယ်သော Safe Routes to School (အန္တရာယ်ကင်းသော ကျောင်းခရီးလမ်း) အစီအစဉ်အတွက် တစ်နှစ်တာ အကောင်းဆုံးသော ချန်ပီယံဆုအား အနိုင်ရရှိခဲ့

Indian Creek Elementary မူလတန်းကျောင်းမှ STEM ဆရာတစ်ဦးဖြစ်သည့် Dr. Adam Nykamp သည် Metro Atlanta ၏ Safe Routes to School (*SRTS*) အန္တရာယ်ကင်းသော ကျောင်းခရီးလမ်း အစီအစဉ်၏ တစ်နှစ်တာ အကောင်းဆုံးချန်ပီယံဆုရရှိသူ ဖြစ်သည်။ Georgia ၏ Safe Routes to School (အန္တရာယ်ကင်းသော ကျောင်းခရီးလမ်း) အစီအစဉ်သည် မေလ 21 ရက်နေ့၌ ကျောင်းသားများ၊ အလုပ်အမှုဆောင်များ နှင့် ဝန်ထမ်းများတို့၏ ရှေ့မှောက်တွင် ၎င်းအား ဆုချီးမြှင့်ခဲ့ပေသည်။

Atlanta ၏ Safe Routes to School (အန္တရာယ်ကင်းသော ကျောင်းခရီးလမ်း) တစ်နှစ်တာ အကောင်းဆုံးချန်ပီယံဆုသည် မိမိတို့၏ စာသင်ကျောင်းရှိ Safe Routes to School (အန္တရာယ်ကင်းသော ကျောင်းခရီးလမ်း) အစီအစဉ်အား ဦးဆောင်လျက်ရှိသည့် သက်ဆိုင်သူထံသို့ ပေးအပ်ချီးမြှင့်ခြင်း ဖြစ်သည်။ ဤအစီအစဉ်အား Georgia ပို့ဆောင်ဆက်သွယ်ရေးဌာနမှ ကနဦး အစပြုခဲ့ခြင်း ဖြစ်ပြီး၊ ကျောင်းအသွား၊အပြန် လမ်းလျှောက်သွားလာရာတွင် အန္တရာယ်ကင်းသော အခြေအနေများအတွင်း သွားလာနိုင်ဖို့ရန် မိသားစုများအား တိုက်တွန်းအားပေးဖို့ ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

Indian Creek မူလတန်းကျောင်းရှိ အစီအစဉ်အတွင်း Dr. Nykamp ၏ စိတ်အားထက်သန်သော ပံ့ပိုးထောက်ပံ့မှုများအတွက်ကြောင့်ပင် *Ladybug for Girls Foundation* သည် Dr. Nykamp အား ၎င်းဆုအတွက် အမည်တင်သွင်းခဲ့ခြင်း ဖြစ်သည်။ Clarkston အခြေစိုက် ဤအဖွဲ့အစည်းသည် အမျိုးသမီးငယ်လေးများအား အတွင်းရော အပြင်ပိုင်းပါ လှပမှုကို ခံစားသိရှိစေဖို့ဂှာ အားကစား၊ ကျန်းမာကြံ့ခိုင်ရေး နှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများမှတစ်ဆင့် ၎င်းတို့အား အကူအညီပေးကာ အားသစ်လောင်းခွန်အားပေးလျက်ရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ၎င်းတို့မှ အမည်တင်သွင်းချိန်၌ အဖွဲ့အစည်းအနေနှင့် ကျောင်းသားများ၏ လုံခြုံအန္တရာယ်ကင်းရေးအတွက် Dr. Nykamp ၏ နှစ်မြှုပ်အားထုတ်မှုများ နှင့် ကလေးတစ်ဦးတစ်ယောက်စီတိုင်း ဘေးကင်းလုံခြုံမှုရှိကြောင်း သေချာစေရန်ဂှာ ၎င်း၏ စိတ်အားထက်သန်လုပ်ဆောင်မှုများကို အထူးပင်လေးစားမိကြောင်း ဖော်ပြခဲ့ပြီး၊ Dr. Nykamp ၏ လုပ်ဆောင်မှုအရာမှန်သမျှတွင် ၎င်းအားထုတ်မှုများကို ရှင်းလင်းထင်ရှားစွာ မြင်တွေ့ ရနိုင်ပေသည်။

"နှစ်တိုင်းဆိုသလို မပျက်မကွက်ဘဲ သူက လမ်းကူးအစောင့်တွေကို ကူညီစီမံပေးတယ်၊ ကျောင်းအဖွဲ့အစည်းအတွင်း SRTS ကို စိတ်အားထက်သန်စွာနဲ့ မြှင့်တင်ဆောင်ရွက်ပေးတယ်၊ ပြီးတော့ မိဘတွေ၊ ကျောင်းသားတွေနဲ့အတူ လမ်း အန္တရာယ်ကင်းရေးနဲ့ပတ်သက်တဲ့ ပညာပေး အလုပ်ရုံဆွေးနွေးပွဲတွေမှာ ဦးဆောင် ပါဝင်ဆောင်ရွက်ပေးပါတယ်၊" ဟု အဖွဲ့အစည်းမှ ပြောကြားခဲ့သည်။

"သူ့ရဲ့ မူလ STEM ပညာရေးဝန်ထမ်း အခန်းကဏ္ဍထက်ကိုကျော်လွန်ပြီး ဒီလို နှစ်မြှုပ်အားထုတ်ဆောင်ရွက်ပေးမှုဟာဆိုရင် တကယ်ကို စိတ်ခွန်အားဖြစ်စေပြီး၊ စိတ်နှလုံးကို နွေးထွေးစေပါတယ်။ ကျောင်းသားတွေ အားလုံးရဲ့ လေးကင်းလုံခြုံရေးအတွက် Adam ရဲ့ စစ်မှန်တဲ့ ဂရုပြုစောင့်ရှောက်မှုတွေဟာ တကယ်ကို မြင်သာထင်ရှားပြီး၊ အမှုဆောင်ဝန်ထမ်းတွေနဲ့အတူ အပျော်တမ်း ဖလှယ်ဆက်ဆံမှုတွေကအစ K-5 ကျောင်းသားတွေကို တာဝန်ရှိစွာနဲ့ လမ်းဘယ်လိုဖြတ်ကူးရမှာဖြစ်ကြောင်း စိတ်ရှည်စွာ သင်ကြားပေးတာတွေအထိ သူ လုပ်ဆောင်တဲ့အရာအားလုံးမှာ သူ့ရဲ့ ဂရုပြုစောင့်ရှောက်မှုတွေကို သိသာစွာ မြင်တွေ့ နိုင်မှာ ဖြစ်ပါတယ်။ သူဟာ အန္တရာယ်ကင်းတဲ့ ကျောင်းခရီးလမ်းဖြစ်စေဖို့ စစ်မှန်စွာ နည်းလမ်းပြ ပံ့ပိုးဆောင်ရွက်ပေးနေသူတစ်ဦးပဲ ဖြစ်ပါတယ်"

Metro Atlanta ၏ ဒေသဆိုင်ရာ စီမံဆောင်ရွက်သူဖြစ်သော Marielena Gutiérrez မှလည်း Dr. Nykamp သည် ဤဆုနှင့် စစ်မှန်စွာပင် ထိုက်တန်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျောင်းချန်ပီယံဆုရရှိသူတစ်ဦးအနေနဲ့ သူ့ရဲ့ နှစ်မြှုပ်အားထုတ်လုပ်ဆောင်မှုတွေကို ကျွန်မ တကယ် ဂုဏ်ယူမိပါတယ်၊" ဟု သူမမှ ဆိုသည်။ "DeKalb ၊ Clayton ၊ Fulton နဲ့ Rockdale ကောင်တီတွေမှာရှိတဲ့ စာသင်ကျောင်းပေါင်း 155 ကျောင်းကနေမှ တစ်ဦးကို ရွေးချယ်ရတာ တကယ်ကို ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့လည်း သူကတော့ ဒီထက်မက ပိုပြီး ထိုက်တန်ပါတယ်။"

XXX